ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ညောင်ဦး မြို့နယ်

လူထု ဗဟိုပြုစီမံကိန်း

National Community Driven Development Project

( NCDDP )



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan ( VDP )

ဘုန်းတော် ကျေးရွာ ၊ တောင်ဖင်း အုပ်စု

၂၀၁၇ ခုနှစ် ညောင်ဦးမြို့

## မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း





Theikdi Maung (M&E/MIS)

ဘုန်းတော် ကျေးရွာ

လူမှုရေး / ဘာသာရေး မြေပုံ

ရက်စွဲ - ၂၈.၉.၁၇



# လူမှုရေး/အရင်းအမြစ်ပြ မြေပုံအား သုံးသပ်ခြင်း

ဘုန်းတော်ကျေးရွာ တောင်ဖင်းအုပ်စု ရက်စွဲ ၊ ၂၈.၉.၂၀၀၇

ဘုန်းတော်ကျေးရွာ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို သုံးသပ်ခြင်း အားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၁၄) ရှိကြောင်း သိရပါသည်။ သို့သော် ရွာထဲတွင် အားလုံးနေထိုင်မှု မရှိကြဘဲ ယာတော ၊ ထန်းတောများတွင် ထန်းသမားများ နေထိုင်ကြောင်း သိရှိရပါသည်။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ဘုန်းကြီးကျောင်း၊ စေတီ၊ စာသင်ကျောင်း၊ တဲစုလေးများ၊ ယာခင်း၊ စိုက်ခင်းများနှင့်သဲချောင်း တည်ရှိပါသည် ။ တောင်ဘက်ပိုင်း ကန်မရေကန်၊ စက်ရေတွင်း၊ တိုက်နယ်ဆေးရုံ၊ စားသောက်ဆိုင် နှင့် ပွဲရုံများ တည်ရှိပါသည် ။ အနောက်ဘက်ပိုင်းတွင် ညောင်ဦး - ကျောက်ပန်းတောင်းလမ်းမကြီး နှင့် ထရွှန်စဖော်မာ ကို တွေ့ရှိရပါသည် ။ မြောက်ဘက်ပိုင်းတွင် ယာခင်း ၊ စိုက်ခင်းများ နှင့် သဲချောင်း ရှိပါသည် ။ ကျေးရွာတွင် မီးရရှိသော်လည်း မီးအား မပြည့်မှီသည်ကို ကျေးရွာလူထုပြောပြချက်အရ သိရှိရပါသည် ။ မြောက်ပိုင်းသည် ရေတွင်း ၊ ရေကန်ဖြင့် ဝေးနေသည်ကို တွေ့ရှိရပါသည် ။ သဘာဂ အရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း၊ ထန်းတက်သောအလုပ်၊ မကျည်းသီးများကို ခူး၍ လုပ်ကိုင် စားသောက်နိုင်ကြောင်းကိုသုံးသပ်မိပါသည် ။ ရွာ၏ အရှေ့ဘက်ပိုင်း နှင့် မြောက်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ ကျေးရွာ၏ လူမှုရေး/အရင်းအမြစ်ပြမြေပုံကိုဆွဲခြင်းအားဖြင့် ကျေးရွာသူ/သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိအခြေအနေနှင့် ကျေးရွာတွင်ရှိနေပြီးဖြစ်သော သဘာဂအရင်းအမြစ်များကို သိရှိလာကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင် မီးအားမပြည့်မှီခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်းနှင့်ဝင်ငွေ နည်းပါးနေခြင်းများ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

## တောင်ဇင်း အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ဘုန်းတော်

၂။ ကောင်းပင်စည်

၃။ ထနောင်းစု

၄။ မကျည်းစောက်

၅။ ကုန်းရွာ

၆။ ကွမ်းဖလား

၇။ ထရိုင်းတော

၈။ တောရွာ

၉။ စံပြ

၁၀။ ပနီတွင်း

၁၁။ ကံကျဲ

၁၂။ ခွေးပြုတ်

၁၃။ ညောင်လှ

# ကျေးရွာ သမိုင်းကြောင်း

ကျေးရွာ အမည် = ဘုန်းတော်　　　　အုပ်စု အမည် = တောင်ဇင်း　　　　ရက်စွဲ ။ ၂၈.၉.၂၀၁၇

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက် | | မြေခြရှင်းဆို |
|---|---|---|---|---|---|
| | | | ဆိုးကျိုး | ကောင်းကျိုး | |
| ၁ | ၁၃၂၁ | ကမ္ဘာနာကျောက်ရောဂါ ကျရောက်ခဲ့ပါသည် | လူ(၂၀)ဦးမျှအသက်ဆုံးရှုံးခဲ့ရပါသည် | | ရွာလူထုနဲ့ပေါင်းပြီး ကျန်းမာရေးဌာန |
| ၂ | ၁၃၃၀ | ရေရှားပါးခဲ့ပါသည်။ညတွင်သွား၍တန်းစီးပြီး ရေပဒေသာတွင် တန်းစီးစောင့်ဆိုင်းခဲ့ရပါသည် | နေပူဒဏ်ခံရသောကြောင့် ကျန်းမာရေးထိခိုက် | | ကျေးရွာလူထု |
| ၃ | ၁၃၃၉ | လေကြီး မိုးကြီး ကျရောက်ခဲ့ပါသည် | ခန်းမဆောင်နှင့်နေအိမ် (၂၅)လုံးပျက်စီးခဲ့သည် | | ကျေးရွာလူထု |
| ၄ | ၁၃၅၃ | ကျေးရွာ မူလတန်းကျောင်းဆောက်လုပ်ခဲ့ပါသည် | | ကလေးများ ပညာရေး အဆင်ပြေခဲ့ပါသည် | ကျေးရွာလူထု |

# ကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ တောင်ဖင်းအုပ်စု ရက်စွဲ ၊ ၂၈.၉.၂၀၁၇

ဘုန်းတော် ကျေးရွာသည် ၁၃၂၁ ခုနှစ်တွင် ကဿမာနာ ကျောက်ရောဂါ ကျရောက်ခဲ့သည်ကို ကျေးရွာလူထု ပြောပြချက်အရ သိရှိခဲ့ရပါသည် ။ လူ ( ၂၈ )ဦးမျှ အသက်ဆုံးရှုံးခဲ့ရပြီး ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ပြီး ရွာလူထုများဖြင့် ဖြေရှင်းခဲ့ပါသည် ။ ၁၃၃၈ ခုနှစ် ကာလများတွင် ရေအလွန်ရှားပါးခဲ့ရပါသည် ။ ရေရရှိဖို့အတွက် ညအချိန်ထိ တန်းစီစောင့်ဆိုင်းပြီး ရေခပ်ခဲ့ရပါသည် ။ ထိုကာလများတွင် နေပူဒဏ်ခံရသောကြောင့် ကျန်းမာရေးလည်း ထိခိုက်ခဲ့ရပါသည် ။ ကျေးရွာလူထုဖြင့် ပူးပေါင်းဆောင်ရွက် ဖြေရှင်းခဲ့ရပါသည် ။ ၁၃၃၉ ခုနှစ်များတွင် သဘာဝဘေးအန္တရာယ် လေကြီး ၊ မိုးကြီး ကျရောက်ခဲ့သည်ကို သိရှိခဲ့ရပြီး ခန်းမဆောင်နှင့်နေအိမ် (၂၅) လုံး ပျက်စီးခဲ့ရပါသည် ။ ကျေးရွာလူထု ပူးပေါင်းပြီး ပြန်လည်ထူထောင်ခဲ့ရသည်ကို သိရှိရပါသည် ။ ၁၃၅၃ ခုနှစ်တွင် ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ မူလတန်းကျောင်း တည်ဆောက်ခဲ့ပါသည် ။ ကလေးများအတွက် ပညာရေး အဆင်ပြေခဲ့ပါသည် ။ ဘုန်းတော်ကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုပေါင်းတက်ကြွစွာ လုပ်ဆောင်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထ လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။

လူထုပေါင်းစု ပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

( PSA / PRA ) အကျဉ်းချုပ် ဇယား

ကျေးရွာ အမည် -

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြ မြေပုံ ( Social Map & Resource Map ) | ၂၈.၉.၂၀၁၇ | | ၂၈ | ၃၀ | ၅၈ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်မြေ လယ်မြေစိုက်ခင်း၊ဘုရားပုထိုးများ စသောကျေးရွာ၏ လက်ရှိအခြေအနေ နှင့် ပိုင်ဆိုင်မှုပြအခြေအနေများကို ရေးဆွဲဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီစွင်ပြ ပြက္ခဒိန် ( Seasanal Calendar ) | ။ | ကော်မတီဝင် ကျေးရွာလူထု | ၁၅ | ၂၀ | ၃၅ | ရာသီဥတုစိုက်ပျိုးသီးနှံများ လယ်ယာ လုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ ဂမ်းစာဖူလုံရေး နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား ( Metric Ranking ) | ။ | အမျိုးသား အုပ်စု အမျိုးသမီး အုပ်စု | ၇၈ | ၉၀ | ၁၆၈ | ကျေးရွာသူ၊ကျေးရွာသားများ၏ ကျေး ရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများကို ညှိနှိုင်း တိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄။ | ပြဿနာ သစ်ပင် ( Problem Tree ) | ။ | ကော်မတီဝင် ကျေးရွာလူထု | ၇၈ | ၉၀ | ၁၆၈ | ကျေးရွာသူ၊ကျေးရွာသားများ ရွေးချယ် ခဲ့သော စီမံကိန်းလုပ်ငန်းခွဲ၏ ကျိုး ကြောင်းဆက်စပ်မှုများကို ပြဿနာ သစ်ပင်ဖြင့် စီစစ်သုံးသပ်ခဲ့ကြသည်။ |
| ၅။ | အဖွဲ့အစည်း ချိန်ဆက်ပုံ ( Venn Diagram ) | ။ | ကော်မတီဝင် ကျေးရွာလူထု ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၁၅ | ၂၀ | ၃၅ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှု အဖွဲ့အစည်းများ နှင့် ကျေးရွာလူထု အကြား ချိတ်ဆက်နေမှုကို ထင်သာ မြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့ |
| ၆။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking ) | ။ | ချမ်းသာ အလယ်အလတ် နွမ်းပါး | ၁၅ | ၂၀ | ၃၅ | ကျေးရွာအတွင်းရှိ လူများအကြားငွေ ကြေးပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင် မှုအဆင့်ခွဲခြားပြသခြင်းကျေးရွာအ တွက်လိုအပ်မည့်ဝင်ငွေရရှိရေးအစီ အစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |
| ၇။ | ပင့်ကူအိမ် ကွန်ယက် ( Spider Web ) | ။ | အမျိုးသား အုပ်စု အမျိုးသမီး အုပ်စု | ၂၀ | ၂၀ | ၄၀ | အမျိုးသားနှင့်အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း တန်းတူ အခွင့်အရေး၊ပညာသင်ကြားနိုင်မှု၊ဘဝ လုံခြုံမှု စသည့်အခြေအနေအရပ်ရပ် ကို ဆွေးနွေးခဲ့ကြသည်။ |
| ၈။ | ကျား+မ အရင်းအမြစ် ပိုင်ဆိုင်မှုပြ ပုံစံ | ။ | အမျိုးသား အမျိုးသမီး အုပ်စု | ၁၅ | ၂၀ | ၃၅ | ပြဿနာအခွင့်အရေး၊လက်ရှိအခြေ အနေနှင့် ပြောင်းလဲမှု ညွှန်ကိန်း |

# ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ အမည် = ဘုန်းတော်

အုပ်စု အမည် = တောင်ဖေး

ရက်စွဲ ။ ၂၈.၉.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော် | | | | | | | | | | | | |
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးချိန် | နှမ်း | | ပဲတီ | မြေပဲ | | | | | | | | |
| ရိတ်သိမ်းချိန် | | | | | | | | | | | | |
| ထန်းတက်ချိန် | | | | | | | | | | | | |
| ကုန်သွယ်ချိန် | | | | | | | | | | | | |
| ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |
| ကျန်းမာရေး | | | | | | | | | | | | |

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ  တောင်ဇင်းအုပ်စု  ရက်စွဲ ၊ ၂၈.၉.၂၀၁၇

ဘုန်းတော် ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်းအား သုံးသပ်ရာတွင် ကျေးရွာတွင် သီတင်းကျွတ်လသည် ရွာ၏ အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ပါသည်။ ကျန်လများတွင်လည်း ပွဲတော် ၊ အလှူပွဲများ ၊ ပဌာန်း ပွဲတော်များ အနည်းငယ် ရှိနေသည်ကို သိရပါသည် ။ ရာသီဥတုသည် နွေ ၊ မိုး ၊ ဆောင်း ပြောင်းလဲ နေပြီး ဂါဆို ၊ ဂါခေါင်တွင် သီးနှံများ စိုက်ပျိုးကြပါသည် ။ သီးနှံများကို ဂါဆိုလတွင် အများဆုံးစိုက်ပျိုးပြီး နယုန်လနှင့် ဂါခေါင်လများတွင် အနည်းငယ်စိုက်ပျိုးသည်ဟု သုံးသပ်မိပါသည် ။ သီးနှံများကို ရိတ်သိမ်းရာတွင် သီတင်းကျွတ်လ တွင် စတင်ရိတ်သိမ်း၍ တန်ဆောင်မုန်းလ တွင် အများဆုံး ရိတ်သိမ်းပြီး နတ်တော်လတွင်နောက်ဆုံးထား၍ရိတ်သိမ်းသည်ကိုတွေ့ရပါသည် ။တပို့တွဲလတွင်ထန်းစတက်ချိန်ဖြစ်၍ တပေါင်း ၊ တန်ခူးလများသည် ထန်းတက်ချိန် အများဆုံး ဖြစ်ပြီး ဂါဆိုလတွင် ထန်းသိမ်းချိန်အဖြစ်တွေ့ရှိရပါသည် ။ ကုန်ပစ္စည်းများကို ရောင်းချရာတွင် တော်သလင်းလတွင် စတင်ရောင်းချပြီး တန်ဆောင်မုန်းလ နှင့် တပို့တွဲလ များတွင်လည်း ရောင်းချနေကြသည်ကို သိရှိခဲ့ရပါသည်။ ဘုန်းတော် ကျေးရွာစီးပွားရေးအတွက် ငွေတွင် သီတင်းကျွတ်လသည် အကောင်းဆုံး ဖြစ်ပါသည် ။ သီးနှံများ ရိတ်သိမ်းပြီးချိန်း ဖြစ်သောကြောင့်လည်း ငွေကောင်းပါသည် ။ တပေါင်းလတွင် ထန်းတက်ချိန်အများဆုံးဖြစ်၍အသင့်အတင့် ငွေရှိပါသည် ။ ကျန်လများတွင် အနည်းငယ်သာ ရှိသည်ကို တွေ့ရှိရပါသည် ။ ကျန်းမာရေး မကောင်းသော ဖြစ်တတ်သောလများမှာ တော်သလင်းလတွင်အများဆုံး ဖြစ်ပြီးဂါဆိုလနှင့်သီတင်းကျွတ်လများတွင် အနည်းငယ် ဖြစ်တတ်သည်ကို သုံးသပ်မိပါသည် ။ ထို့ကြောင့် အစည်းအဝေးများလုပ်ငန်းများ ပြုလုပ်ရာတွင် မည်သည့်လများ၌ လုပ်သင့်သည်ကိုသိရှိလာနိုင်ကြောင်း သုံးသပ်မိပါသည် ။

# ဥစ္စာ ဓန ပိုင်ဆိုင်မှု ခွဲခြားခြင်း

ကျေးရွာ အမည် = ဘုန်းတော်　　　အုပ်စု အမည် = တောင်ဇင်း　　　ရက်စွဲ ။ ၂၈.၉.၂၀၁၇

| စဉ် | အုပ်စု | ပိုင်ဆိုင်မှု | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | အပြေလည်ဆုံး အုပ်စု | လယ်မြေဧက (၁၅) ဧကထက် ၊ နွား နှစ်ရှဉ်း ကျော် ၊ နှစ်ထပ်တိုက်အိမ် ၊ ဖွဲ့ရုံ ၊ ပဲခွဲစက် ၊ ဘီရို ၊ အမှုန့် ကြိတ်စက် ၊ ကုန်စုံဆိုင် | ၂၅ | ၈ % |
| ၂ | ပြေလည်သောအုပ်စု | လယ်မြေဧက (၈) ဧကထက် ၊ နွားတစ်ရှဉ်း ၊ R.ထော်လာဂျင် ၊ ဘီရို ၊ ဓာတ်ဆိုင် ၊ ဆိုင်ကယ် ၊ ဖုန်း ၊ TV ၊ ရေခဲသေတ္တာ ၊ စားဝတ်နေရေး (၆) လစာ ဖူလုံ | ၇၀ | ၂၂ % |
| ၃ | အသင့်အတင့်ပြေလည်သောအုပ်စု | လယ်မြေဧက (၄) ဧကထက် ၊ နွားတစ်ရှဉ်း ၊ နံကပ်ထောင် ချုံး ၊ ဆိုင်ကယ် ၊ ဖုန်း ၊ TV စားဝတ်နေရေး ၃ လစာ ဖူလုံ | ၉၀ | ၂၉ % |
| ၄ | မပြေလည်သော အုပ်စု | နွားမ ၊ ဆိတ် ၊ ဝက် ၊ ကြက် ၊ တရံကာ သွပ်မိုးအိမ် ဖုန်း စားဝတ်နေရေး တစ်နေ့လုပ် တစ်နေ့စား | ၁၀၉ | ၃၄ % |
| ၅ | နွမ်းပါးသော အုပ်စု | ဝန်းရွက်မိုး ဝန်းရွက်ကာ အိမ် ၊ စားဝတ်နေရေးအတွက် ဆွေမျိုး များနှင့် ကျေးရွာလူထုများမှ ထောက်ပံ့ ကျွေးမွေး ပြုစု စောင့်ရှောက် | ၂၀ | ၇ % |

# ဥစ္စာဓနေ ပိုင်ဆိုင်မှု ခွဲခြားခြင်း အား သုံးသပ်ချက်


ဘုန်းတော်ကျေးရွာ                    တောင်ဇင်းအုပ်စု                    ရက်စွဲ ၊ ၂၈.၉.၂၀၁၇

ဘုန်းတော် ကျေးရွာ၏ ဥစ္စာဓနေ ပိုင်ဆိုင်မှု ခွဲခြားခြင်းကို သုံးသပ်ရာတွင် ကျေးရွာအခြေနေအရ အုပ်စုအဆင့် ( ၅ ) ဆင့်ဖြင့် သတ်မှတ်သည်ကို တွေ့ရှိရပါသည် ။ အုပ်စု တစ်ခုချင်းစီတွင်လည်း ပိုင်ဆိုင်မှုများကို ကျေးရွာ၏လက်ရှိ အခြေအနေအတိုင်း ဆွေးနွေးသတ်မှတ်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အုပ်စုအဆင့် ( ၅ ) ခုမှာ အပြေလည်ဆုံးအုပ်စု ၊ ပြေလည်သော အုပ်စု ၊ အသင့်အတင့် ပြေလည်သော အုပ်စု မပြေလည်သော အုပ်စု နှင့် နွမ်းပါးသောအုပ်စုတို့ ဖြစ်ပါသည် ။ပိုင်ဆိုင်မှုများကိုသတ်မှတ်ထားသော်လည်း အားလုံးပိုင်ဆိုင်သည်ဟု မဆိုလိုနိုင်ပါ ပျှမ်းမျှစွာ သတ်မှတ်ထားခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာတွင် မပြေလည်သော အုပ်စုများ အများဆုံး ရှိနေပြီး နွမ်းပါးသော အုပ်စုများလည်း ရှိနေပါသည် ။ လူမှုရေး ၊ စီးပွားရေး ၊ အလုပ်အကိုင် ၊ စားဝတ်နေရေးသည် ကျေးရွာတွင်လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

ဘုန်းတော် ကျေးရွာတွင် ထိုသို့ သတ်မှတ်ခွဲခြားခြင်းအားဖြင့် ကျေးရွာသူ / သားများအားလုံးသည် မိမိတို့ကျေးရွာ၏ လက်ရှိအခြေအနေ အိမ်ထောင်စုများကို သေချာသိကျွစွာ သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ မိမိတို့ ကျေးရွာတွင် မပြေလည်သော အုပ်စုတွင် ပါဝင်သောသူတို့၏ အခက်အခဲများ ၊ လိုအပ်ချက်များကို သိရှိလာသောကြောင့် သူတို့အတွက် ဦးစားပေး စဉ်းစားပေးရန်လည်း သိရှိလာကြသည် ။ စီမံကိန်းနှင့် ပတ်သက်သော အစည်းအဝေးများ ၊ လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်လာစေရန် ဦးစားပေး ထည့်သွင်းစဉ်းစားပေဖို့ကိုလည်း သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် လူထုဗဟိုပြု စီမံကိန်း၏ ထူးခြားချက်များသည် ကျား ၊ မ တန်းတူ အခွင့်အရေး နှင့် ကျေးရွာရှိ အိမ်ထောင်စု အားလုံးကို ခွဲခြားမှု မရှိစေဘဲ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တန်းတူပူးပေါင်းပါဝင်ဆောင်ရွက် လုပ်ကိုင်ရသည်ကို ကျေးရွာလူထုအားလုံး နားလည်သဘောပေါက်ကြသည်ဟု သုံးသပ်မိပါသည် ။

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇယားကားချပ်

**ကျေးရွာ** - ဘုန်းတော် **အုပ်စု** - တောင်ဇင်း **ရက်စွဲ ၊** ၂၈.၉.၂၀၁၇




ပါဝင်ဆွေးနွေးသူများ - ကျေးရွာလူထု

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ တောင်ဇင်းအုပ်စု ရက်စွဲ ၊ ၂၈.၉.၂၀၁၇

ဘုန်းတော် ကျေးရွာအတွင်းတည်ရှိနေသောအဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များတွင် စက်ဝိုင်းများသည် အကြီး ၊ အလတ် ၊ အသေး ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည် ။ စက်ဝိုင်းများသည် ကျေးရွာ၏ ဩဇာပါဝါ ရရှိမှုကို ကိုယ်စားပြုသည်ဟု ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ပါသည် ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာလူထု ၊ လူထုဗဟိုပြု အဖွဲ့ ၊ ဆယ်အိမ်မှူး အဖွဲ့များသည် ကျေးရွာတွင် ဩဇာကြီးသော အဖွဲ့များဖြစ်ကြသည်ကို တွေ့ရှိရပြီး မီးကော်မတီ ၊ သ.မ အဖွဲ့ ၊ ငွေပဒေသာဘင်အဖွဲ့များသည် အသင့်အတင့်ရှိနေသည်ကို တွေ့ရှိရပါသည် ။ ရေကော်မတီ ၊ ပရဟိတအဖွဲ့ ဂေါပကအဖွဲ့ ၊ ပက်မြန်မာ ၊ ဂတ်အသင်း ၊ မြကျွန်းသာ အဖွဲ့များ ရှိသည်ကို တွေ့ရှိရပါသည် ။ ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်နေသည်ကိုလည်း တွေ့ရှိရသာကြောင့် စည်းလုံးညီညွတ်မှု နှင့် ပူးပေါင်းပါဝင်မှုများ အပြင် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း စုပေါင်း တိုင်ပင် ဆွေးနွေးကြသည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ်အား ဆွဲလိုက်ခြင်းအားဖြင့်ရွာတွင် လက်ရှိတည်ရှိနေသော အဖွဲ့အစည်းများ သိရှိလာခြင်း ပါဝါရှိသော အဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များကိုလည်း သိရှိလာကြောင်းသုံး သပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာသည်စုပေါင်းပြီး စည်းလုံးညီညွတ်မှုများနှင့်ဆွေးနွေးတိုင်ပင်လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည် ။

# ကျား ၊ မပိုင်ဆိုင်မှုပြ ဇယား

ဘုန်းတော်ကျေးရွာ - တောင်ရွှင်းခုံရှု

ရက်စွဲ - ၂၈.၉.၂၀၁၇

## အရင်းအမြစ် သုံးစွဲမှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
| --- | --- | --- |
| နွား | ရွှေထည် | ဆိုင်ကယ် |
| နွားလှည်း | ဘယ်ချိုဖက် | ဖုန်း |
| ထွန် | ကုန်စုံဆိုင် | ဖာရီ |
| ကား | ကွမ်းယာဆိုင် | ထီးပုံ |
| ပုဆိုး | ခေါင်းကိ | သရက်တော |
| ဆီစုံ | ထမင်းချက်ဖို | ကျွဲပဲတော |
| | | သီးတော |
| | | ဝက်တော |
| | | ယာခင်း |
| | | မြဲရုံ |
| | | ကော်ဇီ |
| | | TV |
| | | စာသင်ကျောင်း |

## အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
| --- | --- | --- |
| နွား | ရွှေထည် | ပုဆိုး |
| နွားလှည်း | ဘယ်ချိုဖက် | ကုန်စုံဆိုင် |
| ထွန် | ခေါင်းကိ | ကွမ်းယာဆိုင် |
| ကား | | ထမင်းချက်ဖို |
| ဆီစုံ | | ဆိုင်ကယ် |
| | | ဖုန်း |
| | | ဖာရီ |
| | | ထီးပုံ |
| | | သရက်တော |
| | | ကျွဲပဲတော |
| | | သီးတော |
| | | ဝက်တော |
| | | ယာခင်း |
| | | မြဲရုံ |
| | | ကော်ဇီ |
| | | TV |
| | | စာသင်ကျောင်း |


# ကျား ၊ မ ပိုင်ဆိုင်မှု သုံးသပ်ချက်

ဘုန်းတော် ကျေးရွာ တောင်ဇင်းအုပ်စု ရက်စွဲ ၊ ၂၈.၉.၂၀၁၇

ဘုန်းတော် ကျေးရွာ ကျား ၊ မ အရင်း အမြစ် သုံးစွဲမှု နှင့် အရင်းအမြစ် ထိန်းချုပ်မှုပြ ဇယား ကို ကြည့်လိုက်ခြင်း အားဖြင့် ကျေးရွာတွင် သုံးစွဲနေသော အရင်းအမြစ်များကို သိရှိလာပြီး အမျိုးသား များ နှင့် အမျိုးသမီး တို့ သုံးစွဲနေသော အရင်းအမြစ်များကိုလည်း သိရှိလာခဲ့ရပါသည် ။ ထို အရင်းအမြစ် များကို မည်သူတွေက ထိန်းချုပ်နေသည်ကိုလည်း သိရှိလာခဲ့ရပါသည် ။ ကျား ၊ မ ပိုင်ဆိုင်မှုပြ ဇယားကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာ၏ သုံးစွဲနေသော အရင်းအမြစ်များနှင့် ထိန်းချုပ်မှုများကို သိရှိလာသည် ကို တွေ့ရှိရပါသည် ။

# ကျား ၊ မ ရေးရာပင့်ကူအိမ် နှိုင်းယှဉ်ခြင်း

**ကျေးရွာ** - ဘုန်းတော်   **အုပ်စု** - ဆောင်ရေး   **ရက်စွဲ** ၂၈.၉.၁၇




ကျား ———

မ ———


# ကျား/မ ရေးရာ ပင့်ကူအိမ် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ တောင်ဖင်းအုပ်စု ရက်စွဲ ၊ ၂၈.၉.၂၀၁၇

ဘုန်းတော် ကျေးရွာ၏ ကျား/မ ရေးရာ ပင့်ကူအိမ်အား သုံးသပ်ခြင်းအားဖြင့်အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့် ( ၂ ) ဆင့် ရောက်ရှိနေပြီး အမျိုးသားများက ဝင်ငွေပိုပြီး ရရှိနေသည့် အနေအထားတွေ့ရပါသည် ။ ထို့ကြောင့် အမျိုးသမီးများအတွက် အိမ်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည် ။ ပညာရေးမှာ အမျိုးသမီးများက အဆင့် ( ၁) ဆင့်တက်နေသည်ကို တွေ့ရှိရပြီး အမျိုးသမီးများကို ပညာရေးတွင် ဦးစားပေးသည်ဟု သုံးသပ်မိပါသည် ။ ကျန်းမာရေးတွင် အမျိုးသမီးများသည် အမျိုးသားများအောက် အဆင့် ( ၂ ) ဆင့် ရောက်ရှိနေပြီး အမျိုးသားများသည် သွားလာရေး လွယ်ကူသော်လည်း အမျိုးသမီးများသည် မလွယ်ကူသောကြောင့်ဟု သုံးသပ်မိပါသည် ။ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများက ( ၁ ) ဆင့် သာနေပါသည် ။ အိမ်မှုကိစ္စတွင် အလုပ်များနေသောကြောင့် ဖြစ်ပါသည် ။ အစည်းအဝေးများ တက်ရောက်ပါဝင်မှုတွင် အမျိုးသားများက အဆင့် ( ၁ ) ဆင့်သာ တက်နေပါသည် ။ အမျိုးသမီးများ ပူးပေါင်းပါဝင်ရန် လိုအပ်နေသည်ကို တွေ့ရပါသည် ။ ခေါင်းဆောင်မှု အခြေအနေတွင် အမျိုးသမီးများမှာ အမျိုးသားများအောက် အဆင့် ( ၅ ) အထိ ရှိနေ၍ အမျိုးသားများ အနေဖြင့်အမျိုးသမီးများကို ပူးပေါင်း ပါဝင်ရန် ခေါ်ဆောင်သင့်ပါသည် ။ လုံခြုံမှုတွင် အမျိုးသားများ နှင့် အမျိုးသမီး တန်းတူ ရှိနေသည်ကို တွေ့ရှိရသောကြောင့် အမျိုးသားများကစောင့်ရှောက်နေပါသည်။ အိမ်မှုကိစ္စတွင်အမျိုးသမီးများသည်အဆင့်( ၁၀) ဆွေးနွေးထားကြပြီး အမျိုးသားများသည် အဆင့် ( ၃ ) တွင် ရှိနေပါသည် ။ ဘုန်းတော်ကျေးရွာ၏ ကျား / မ ရေးရာ ပင့်ကူအိမ်ကို ဆွဲလိုက်ခြင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွာခြားချက်များကို ကျေးရွာလူထုများ ကိုယ်တိုင် သိရှိလာရပါသည် ။ အချုပ်အားဖြင့် ဆိုရသော် မတူညီသော အဆင့်များကိုတူညီအောင် လုပ်ဆောင်ကြပြီး ဖြေးဖြေးချင်း အဆင့်များ တက်သွားအောင် ပူးပေါင်းပါဝင် ဆွေးနွေး လုပ်ဆောင်သင့်သည်ဟု သုံးသပ်မိပါသည် ။

ပြဿနာ သစ်ပင်

ဘုန်းတော်ကျေးရွာ တောင်ဒေး အုပ်စု ရက်စွဲ ၊ ၂၈.၉.၂၀၁၇



# ပြဿနာ သစ်ပင် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ  တောင်ဖင်းအုပ်စု  ရက်စွဲ ၂၈.၉.၂၀၁၇

ဘုန်းတော်ကျေးရွာ၏ ရေအခက်အခဲ ပြဿနာ သစ်ပင်အား သုံးသပ်ခြင်းအားဖြင့် ပြဿနာ၏ အဓိက အကြောင်းအရင်းအမြစ် ဖြစ်သော ရေကန်နှင့်ဝေးကွာခြင်း ၊ တဲပိုင်းတွင် စက်ရေတွင်း မရှိခြင်း ၊ မိုးခေါင်ခြင်း ၊ ရေစင်ရေပိုက်လိုင်း မရှိခြင်း နှင့် သစ်တောများ မရှိခြင်းတို့ကြောင့်ရေအတွက် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည် ။ ထိုအကြောင်းအရင်းများကြောင့် ရေခပ်ချိန် ပေးရခြင်း သောက်ရေသုံးရေ ခက်ခဲခြင်း ၊ စိုက်ပျိုးရေးမဖြစ်ထွန်းခြင်း ၊ အချိန်ကုန် လူပင်ပန်းခြင်း ၊ အပူချိန်လွန်ကဲခြင်း နှင့် မိုးမရွာခြင်း အကြောင်းတရား၏ အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို သိရှိရပါသည် ။ ထို့ကြောင့် ကျေးရွာတွင် ရေအတွက် လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ရေတွင်း အသစ်တူးဖော်ခြင်း ၊ သောက်ရေကန် တိုးချဲ့ခြင်း ၊ ရေလှောင်ကန် တိုးချဲ့ခြင်း ၊ ရေပိုက်လိုင်းသွယ်တန်းခြင်း နှင့် ချောင်းရိုးရေလာများကို ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန် လိုအပ်နေသည်ဟုသုံးသပ်မိပါသည် ။ အချုပ်အားဖြင့် ဆိုရသော် ပြဿနာသစ်ပင် ရေးဆွဲ လိုက်ခြင်းအားဖြင့် ကျေးရွာတွင် လိုအပ်ချက်များ နှင့် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ် အတွက် ဦးစားပေး လုပ်ငန်းများလည်း သိရှိလာသည်ကို သုံးသပ်မိပါသည် ။ ကျေးရွာလူထုအားလုံးလည်း ကျေးရွာ၏ အခက်အခဲများအားလုံးကို ဖြစ်ပေါ်စေသော ဇစ်မြစ်များကို သိရှိလာကြောင်း တွေ့ရှိရပါသည် ။

## ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

## ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ





# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးသိန်းဝင်း | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | ချောင်းတော် | ၀၉-၄၃၀၁၀၄၃၃၂ |
| ၂ | ဒေါ်မြင့်မြင့်ခင် | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | 〃 | ၀၉-၂၅၃၀၃၅၉၄၆ |
| ၃ | ဦးကျော်နိုင် | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | ၀၉-၈၇၉၃၄၉၈၉၁ |
| ၄ | ဒေါ်သက်သက်စိုး | မှတ်တမ်းထိန်း | 〃 | ၀၉-၇၉၈၀၉၁၅၈ |
| ၅ | ဒေါ်မြိုင် | အဖွဲ့ဝင် | 〃 | ၀၉-၄၀၂၆၅၈၅၅၆ |
| ၆ | ဦးမြင့်ဦး | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ | 〃 | |
| ၇ | ဦးဇော်မင်းသိုက် | အဖွဲ့ဝင် | 〃 | ၀၉-၇၉၄၈၅၉၅၉၄ |
| ၈ | ဒေါ်သန်းခင် | အဖွဲ့ဝင် | 〃 | |
| ၉ | ဦးကျော်သူ | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | ၀၉-၂၅၆၁၈၈၇၆ |
| ၁၀ | ဦးပေါ်ခင် | အဖွဲ့ဝင် | 〃 | |
| ၁၁ | ဒေါ်လှလှစိုး | အဖွဲ့ဝင် | 〃 | ၀၉-၂၅၃၁၇၅၉၄၂ |
| ၁၂ | ဦးစိုးအောင်မင်း | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | ၀၉-၂၅၈၄၈၂၉၁၃ |
| ၁၃ | ဒေါ်ခင်ခင်အေး | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | ၀၉-၇၇၉၅၀၁၉၁၅ |
| ၁၄ | ဦးခင်မောင်ညွန့် | စေတနာ့ဝန်ထမ်း | 〃 | ၀၉-၂၅၈၈၁၀၈၂ |
| ၁၅ | ဒေါ်ဓာသီ | စေတနာ့ဝန်ထမ်း | 〃 | ၀၉-၂၅၈၅၂၃၅၁၆ |
| ၁၆ | ဦးသန်းနွဲ့ | ကျေးရွာစာရင်းကိုင် | 〃 | ၀၉-၄၅၁၉၃၅၉၈ |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးဆောင်ငွေ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉ - ၂၅၆၅၃၀၈၅၃ | | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦးကျော်ခင်ဖြိုး |
| ပြည်နယ်၊တိုင်းဒေသကြီး<br>မန္တလေး | မြို့နယ်<br>ညောင်ဦး | ကျေးရွာအုပ်စု<br>တောင်ရင်း | ကျေးရွာ<br>သုန်းတော် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ---- | ၃၁၄ | ဘာသာ (၁) --ဗုဒ္ဓ---- | ၃၁၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂၀ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၄၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ---- | ၈၃၅ | ၈၈၃ |
| လူမျိုးစု (၂)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၉၄ | ၂၀ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☑ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်*<br>နတ်စင် ၊ ဓမ္မာရုံ | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☑ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်) / မရှိပါ / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၁ / မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.25 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 05:00 ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ______

မိုးရာသီတွင်ကြာချိန် 05:00 ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ______

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ လေကြီး ၊ မိုးကြီး ကျရောက်ခဲ့ပါသည် 1981

**(၉) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ရာ့ကောက်မကီ---

(၂) ---ဦး ကောက်မကီ---

**(၅) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးမောင်ငွေ

လက်မှတ် နေ့စွဲ ၂၈.၉.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးကျော်ဇင်မြင့်

လက်မှတ် နေ့စွဲ ၂၈.၉.၂၀၁၇

# ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်တောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျော်ဇင်ဖြိုး | | | |
| နေ့စွဲ ၂၈.၉.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ရေဘုံပြို | ကျေးရွာအုပ်စု ဝေဘာဒေဒေး | ကျေးရွာ သဂ္ဂါဘော် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၇၅ | ၈၉ | ၁၆၄ | ၁၆၄ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၇၈ | ၉၀ | ၁၆၈ | ၁၆၈ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | ၂၀.၁၀.၁၇ | ၂၀.၁၀.၁၇ | ၂၈ | ၁၈ | ၄၆ | ၄၆ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | ၂၃.၁၁.၁၇ | ၂၃.၁၁.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၇.၄။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၅။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးကျော်ဇင်မြင့် | | |
| နေ့စွဲ ၂၈.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) | ☐ စက်ဝန်း(၁)<br>☑ စက်ဝန်း(၃) | ☐ စက်ဝန်း(၂)<br>☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း<br>မန္တလေး | မြို့နယ်<br>ညောင်ဦး | ကျေးရွာအုပ်စု<br>တောင်ဇင်း | ကျေးရွာ<br>သဒိုးတော် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မီး မရရှိသေးသဖြင့် စီးပွားရေး ပညာရေး နှောင့်နှေး | ၁ | ရေ အတွက် အချိန်ပေး နေရသဖြင့် စီးပွားရေး လုပ်ဆောင်ရာတွင် ခက်ခဲ |
| ၂ | ရေ မလုံလောက်သဖြင့် စီးပွားရေး၊ အချိန်ပေးရသဖြင့် ရေအတွက် ခက်ခဲ | ၂ | ရွာလယ်လမ်း မကောင်းသောကြောင့် သွားလာရေး ခက်ခဲ |
| ၃ | စက်ရေတွင်းများ ပိုက်ဟောင်းလေးပြီး ရေ နေသောကြောင့် သောက်သုံးရေ ခက်ခဲ | ၃ | အချို့တပိုင်းတွင် မီး မရရှိသည့် အတွက် ညအချိန်တွင် သွားလာရေး ခက်ခဲ |
| ၄ | ရွာလယ်လမ်း မကောင်းသောကြောင့် သွားလာရေး ခက်ခဲ | ၄ | တံပိုးတွင် လမ်းမကောင်းသဖြင့် ကား၊ ဆိုင်ကယ်များ သွားလာရာတွင် ခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မီး ရရှိလျှင် ကျေးရွာတွင် လူမှုရေး၊ စီးပွားရေး တိုးတက်လာမည် မျှော်မှန်းပါသည် | ၁ | ရေလုံလောက်စွာ ရရှိလျှင် အချိန်မပေးရသဖြင့် စီးပွားရေး လုပ်ဆောင်နိုင်ရန် မျှော်မှန်း |
| ၂ | ရေလုံလောက်စွာ ရရှိလျှင် အချိန်မပေးရသဖြင့် စီးပွားရေး လုပ်ဆောင်နိုင်ရန် မျှော်မှန်း | ၂ | ရွာလယ်လမ်း ကောင်းမွန်လျှင် ဆက်သွယ်ရေး နှင့် စီးပွားရေး လည်း ကောင်းမွန်မည်ဟု မျှော်မှန်း |
| ၃ | သောက်သုံးရေ သန့်ရှင်း နှင့် လုံလောက်မှု ရှိလျှင် ကျန်းမာရေး လည်း ကောင်းမွန် ရမည် | ၃ | မီး ရရှိလျှင် ကျေးရွာတွင် လူမှုရေး၊ စီးပွားရေး တိုးတက်လာမည် မျှော်မှန်းပါသည် |
| ၄ | ရွာလယ်လမ်း ကောင်းမွန်လျှင် ဆက်သွယ်ရေး နှင့် စီးပွားရေး လည်း ကောင်းမွန်မည်ဟု မျှော်မှန်း | ၄ | တံပိုးလမ်းများ ကောင်းမွန်လျှင် သွားလာရေး လွယ်ကူပြီး အချိန်တိုတွင် ရောက်ရှိနိုင်ရန် မျှော်မှန်း |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စက်ရေတွင်း ၊ ရေသွတ်ကန် ၊ ရေစက်ရုံ ဆောက်လုပ်ခြင်း | ကျား + မ | ၂၀,၀၀၀,၀၀၀ | ၁၅၁၈ |
| ၂ | ရေပိုက်လိုင်း သွယ်တန်းခြင်း | ကျား + မ | ၈,၀၀၀,၀၀၀ | ״ |
| ၃ | ကျေးလယ်လမ်း ပြုပြင်ခြင်း (ကျောက်ခင်း) | ကျား + မ | ၁၅,၀၀၀,၀၀၀ | ״ |
| ၄ | မီးကြိုး ၊ မီးတိုင် သွယ်တန်းခြင်း | ကျား + မ | ၁၀,၀၀၀,၀၀၀ | ״ |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဈေးသည်များ အတွက် ငွေကြေး [illegible] | မ | |
| ၂ | စိုက်ပျိုးရေး ၊ မွေးမြူရေး အတွက် နည်းပညာ နှင့် ငွေကြေး [illegible] | ကျား | |
| ၃ | စက်မှု ၊ လက်မှု ၊ နည်းပညာ သင်တန်းများ | ကျား | |
| ၄ | စက်ချုပ် သင်တန်း | မ | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည်၊ [illegible] လက်မှတ်၊ [illegible] နေ့စွဲ ၂၈.၉.၂၀၁၇

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| *လမ်းညွှန်ချက်*။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ခင်မြိုး ၊ ဒေါ်သက်နှင်းဦး |

| | | | |
|---|---|---|---|
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ချင်းလေး | မြို့နယ် ဆော့ဒင်း | ကျေးရွာအုပ်စု တောင်ဇေး | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| သုံးတော | ဆက်ရေတွင်းတူးဖော်ခြင်း (ရေလှောင်ကန်၊ရေစက်ရုံပါ) | 700'-4∅ 3000 gal 10'x8'x8' | ၁၇၁၈ | ☐ ကျား ☐ မ ☑ ကျား+မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၂၀၀,၀၀၀ |
| ကွမ်းဖလား | ဓါတ်ကြိုး၊ဓါတ်တိုင်စိုက်ထူ တပ်ဆင်ခြင်း | 3000'-400V (26)တိုင် | ၆၈၁ | ☐ ကျား ☐ မ ☑ ကျား+မ | ၉,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ထနောင်းရှ | ဆက်ရေတွင်းတူးဖော်ခြင်း (ရေလှောင်ကန်၊ရေစက်ရုံပါ) | 700'-4∅ 3000 gal 18'x8'x8' | ၁၆၈၄ | ☐ ကျား ☐ မ ☑ ကျား+မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၂၀၀,၀၀၀ |
| တောင်းပင်ရှည် | ဓါတ်ကြိုး၊ဓါတ်တိုင် စိုက်တပ်ဆင်ခြင်း | 3500'-400V (32)တိုင် | ၁၇၈၃ | ☐ ကျား ☐ မ ☑ ကျား+မ | ၁၁,၆၀၀,၀၀၀ | | ၃၀၀,၀၀၀ | ၁၁,၉၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦးသိန်းသိန်းဦး    လက်မှတ်၊ ..........    ရက်စွဲ ၊ ၂၀.၁၀.၂၀၁၇

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦး ကျော်ဇေမြင့် ၊ ဒေါ် ဘုံကတ်မွန်ဦး | | |
| နေ့စွဲ | ၂၀.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☒စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | မန္တလေး | မြို့နယ် | ညောင်ဦး |
| | | ကျေးရွာအုပ်စု | ဝေါင်းဇင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ ၊အမည်/အဖွဲ့ | စုစုပေါင်း |
| မကျည်းဆောက် | ကွာကယ်ကွန်ကရစ် လမ်းခင်းခြင်း | 1600'x14' x 6" | ၉၃၈ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၂၀၀,၀၀၀ |
| ကျိုးရွာ | ကွာတွင်း၊ ကျင်း၊ လမ်း၊ ခင်း ခြင်း | 4500'x14' x 1' | ၇၀၂ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၁,၇၀၀,၀၀၀ | | ၃၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |
| ထကျိုးတော | ဓါတ်ကြိုး၊ ဓါတ်တိုင် သွယ်တန်း ခြင်း | 4500'-400' (13)တိုင် | ၅၃၀ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၀,၀၀၀,၀၀၀ | | ၈၈၀,၀၀၀ | ၁၀,၈၈၀,၀၀၀ |
| တောရွာ | ကွာင်ကျောက် ချောလမ်းခင်းခြင်း | 2000'x12' x 9" | ၅၃၂ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၁,၀၀၀,၀၀၀ | | ၉၇၅,၀၀၀ | ၁၁,၉၇၅,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦးဘိုဘိုဦး

လက်မှတ်၊ (signature)

ရက်စွဲ ၊ ၂၀.၁၀.၂၀၁၇

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဇင်ဖြိုး ၊ ဒေါ်သက်မွန်ဦး | | |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ချင်းလော | မြို့နယ် ရှောက်ဦး | ကျေးရွာအုပ်စု တောင်ခရင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊အမည်/အဖွဲ့ | စုစုပေါင်း |
| ခံမြ | ထိကြိုး(ထိ)တိုင် သွယ်တန်းခြင်း | ၁၀၀၀'/၄၀၀' ၁၄ တိုင် | ၄၀၅ | ☐ ကျား ☐ မ ☑ ကျား+ မ | ၈,၅၀၀,၀၀၀ | | ၁၉၄,၈၁၉ | ၈,၆၉၄,၈၁၉ |
| ရွေးမြောက် | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၆၄၃၀၀' ၄၄ တိုင် | ၁၁၃၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၅၀,၀၀၀ | ၁၂,၂၅၀,၀၀၀ |
| ရှောက်လှ | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၂၅၀၀' ၂၆ တိုင် | ၈၀၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ပနီကွင်း | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၃၈၀၀' ၃၉ တိုင် | ၁၁၇၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦး၊ ဘို၊ ဘိုဦး ..................... လက်မှတ်၊ ..................... ရက်စွဲ ၊ ၂၀.၁၀.၂၀၁၇

ပုံစံ ၈-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး / မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | မီးကြိုး မီးတိုင် သွယ်တန်းခြင်း | ၂၈၀၀' ၃၀ တိုင် | ၉၈၆ | □ ကျား □ မ ☑ ကျား+ မ | ၁၀,၇၀၀,၀၀၀ | | ၃၀၀,၀၀၀ | | ၁၁,၀၀၀,၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [signature] ရက်စွဲ ၂၀.၁၀.၂၀၁၇

“လူထုဗဟိုပြု စီမံကိန်း”

## တတိယသုံးနှစ် စက်ဝန်း

စီမံကိန်း ပိတ်သိမ်း အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ဘုန်းတော် အုပ်စုအမည် - တောဇခေး

နေရာ - ဘုန်းကြီးကျောင်း ရက်စွဲ - ၂၈.၉.၁၇

အစည်းအဝေး စတင်ချိန် - ၁၀:၀၀ ပြီးဆုံးချိန် - ၄:၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၇၅) မ (၈၉)

လူထုဗဟိုပြု စီမံကိန်း ဒုတိယသုံးနှစ် စက်ဝန်း ပထမအကြိမ် စီမံကိန်း ပိတ်သိမ်း အစည်းအဝေးကို ၂၇.၉.၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ အခမ်းအနား အစီအစဉ်များကို ကြေညာခဲ့ပါသည်။ ထို့နောက် အခမ်းအနား ဖွင့်လှစ်ကြောင်း ပြောကြားပေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဝေ မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ကျေးရွာလူထုမှ အစည်းအဝေးများ တက်ရောက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် နှင့် တိုင်ပင်ဆွေးနွေးပြီး ပြုလုပ်ကြရန် ပြောကြားခဲ့ပြီး အစည်းအဝေး မပြီးဆုံးဘဲ မပြန်သွားကြပဲ အစည်းအဝေး ပြီးဆုံးသည်အထိ တက်ရောက်၊ ပေးကြရန် ပြောကြားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး ဦးကျော်ဇင်မြင့် မှ ယနေ့ အစည်းအဝေး ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းပြခဲ့ပြီး အလုပ်တွေ မအားလပ်ပေမယ့် အစည်းအဝေးကို တက်ရောက်ပေးတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း [illegible] ပြောကြားခဲ့ပါသည်။ ထို့နောက် လူထုဗဟိုပြု စီမံကိန်း အကြောင်းကို ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး စီမံကိန်း၏ ရည်ရွယ်ချက်ကို ကျေးရွာလူထု နားလည်အောင် ရှင်းပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဒေါ်သူဇာလှိုင် မှ စီမံကိန်း စက်ဝန်း အကြောင်းအရာ များတွင်ပါဝင်သော အပိုင်း (၆) ပိုင်း နှင့် အဆင့် (၁၄) ဆင့် ကို သေချာစွာ ရှင်းပြခဲ့ပါသည်

စီမံကိန်း တက်ဝန်း အသင်း တစ်ခု စီတွင် ပထမနှစ်က တွေ့ကြုံခဲ့သော အကြောင်းအရာများကို ပြန်လည် ဆွေးနွေးခဲ့ပြီး အသင်းဝိုင်းတွင် ဥပမာများ ပေး၍ ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။ ထို့နောက် ရန်ပုံငွေ အကြောင်းကို ဦးကျော်ခင်မြေ မှ ရှင်းပြခဲ့ပါသည်။ စီမံကိန်း မှ ရန်ပုံငွေများ ချထားပေးရာတွင် တစ်ရွာချင်းစီ၏ လူဦးရေကို ထောက်ပံ့ တာမဟုတ်ပဲ အုပ်စုရဲ့ လူဦးရေ အပေါ်မှာ မူတည်ပြီး ထောက်ပံ့ပေးသော ကြောင့် အုပ်စုမှ ဆုံးဖြတ်မည် ဖြစ်ကြောင်းနှင့် ရန်ပုံငွေများကို ခွဲဝေရာတွင် လုပ်ငန်းများ အပေါ် မူတည်ပြီး ခွဲဝေသတ်မှတ်ကြောင်း ရှင်းပြခဲ့ပါသည်။ ယခုနှစ် အတွက် ရန်ပုံငွေ အကြောင်း အလဲ ရှိကြောင်းကိုလည်း ကျေးရွာလူထု နားလည်အောင် ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာတွင် ယခုနှစ် လုပ်မည့် လုပ်ငန်းများ အတွက် အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများကို ဒေါ်သူဇာလှိုင် မှ ရှင်းပြခဲ့ပါသည်။ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ကျေးရွာ မှ အဆိုပြု ထားသော လုပ်ငန်းများကို မြို့နယ်သို့ တင်ပြရပါ သည်။ မြို့နယ်မှ ခွင့်မပြု သော လုပ်ငန်းများကို လုပ်ဆောင်၍ မရကြောင်း ရွာသားများ ထိခိုက် နစ်နာသော လုပ်ငန်းများနှင့် အရည်အသွေး မပြည့်မှီ သော လုပ်ငန်းများ မရကြောင်း ကျေးရွာလူထု နားလည်အောင် ရှင်းပြခဲ့ပါသည်။ သက်လက်ကျ အကာအကွယ် အကြောင်းကိုလည်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ လူတိုင်း အတွက်လည်း အကာအကွယ်များ အသုံးပြုသင့်ကြောင်းကို ဥပမာ များပြ၍ အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။ ဖြစ်နိုင်ခြေ ရှိသည့် ဆိုးကျိုး များကို လျှော့ချနိုင်ရန် အတွက် အကာအကွယ် ဆိုတာ အရေးကြီးကြောင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ အဓိက အခန်းကဏ္ဍ တစ်ခု ဖြစ်သော ကျား/မ ရေးရာကို ဦးကျော်ခင်မြေ မှ ဆွေးနွေးခဲ့ပါသည်။ ကျား/မ ရေးရာ အတွက် မေးခွန်းများ မေးခဲ့ပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေး ခဲ့ကြသည်။ ကျား/မ ရေးရာ၏ အဓိက အချက် (၅) ချက်ကိုလည်း ထပ်မံ ဆွေးနွေးခဲ့ပြီး / ဝေဖန် အကြံပြု တိုင်ကြား ဖြေရှင်းရေး စနစ်

အကြောင်းကိုလည်း ဆေးခန်းများနှင့် ပေါင်းပေါင်းဆွေးခဲ့ပါသည်။

လုပ်ငန်းများ လုပ်ဆောင်ရာတွင် မှန်လင်းဖြင့်သာမက ရိုသေရန်နှင့် လျင်မြန်

ထိရောက်စွာ လုံ့မြန် ဖြေရှင်းပေးနိုင်သော နည်းဖြစ်ကြောင်းကို ကျေးရွာလူထုနှင့်

ဆွေးနွေးခဲ့ပြီးပါသည်။ ထို့ပြင် ~~ကြက်ကြ ပိုင်ကြ~~ ဖြေရှင်းရေး နည်းစနစ် လုပ်ငန်းစဉ်

များနှင့် အသင့်အခြင်း စီးဆင်းပုံများကိုလည်း ကျေးရွာလူထု နားလည်အောင်

ဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး လုပ်ငန်းလည်ပတ်ပုံ ပြင်ဆင်ထိန်းသိမ်းရေး

အကြောင်းကို ဒေါ်သူဇာလှိုင် မှ ဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းများ ရေရှည်တည်

တံ့နိုင်မည့်အောင် ၊ ဆက်လက် အသုံးပြုနိုင်အောင် ၊ လည်ပတ်ထိန်းသိမ်း

ရေး အစီအစဉ်များ လိုအပ်ကြောင်း ၊ ရေရှည်တာရှည် ဖြစ်ကြောင်းနှင့်

ရန်ပုံငွေများလည်း ကောက်ခံထားသင့်ကြောင်း ဥပမာများဖြင့် ကျေးရွာ

လူထု နားလည်အောင် ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထုမှလည်း ပူးပေါင်း

ပါဝင်မှသာ အောင်မြင်နိုင်မည်ဟု ဆွေးနွေးခဲ့ပါသည်။ ထို့နောက် အခွင့်အရေး

နှင့် တာဝန်ဝတ္တရားများကို ဦးကျော်ဇင်ဖြိုး မှ ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထု

တွင် အခွင့်အရေးများ ရှိကြောင်း ထိုအခွင့်အရေးများကို သိရှိပြီး

အသုံးချတတ်ဖို့ လိုအပ်ကြောင်း ၊ ဆုံးဖြတ်ချက် ချမှတ်ခွင့်တွေကို သိရှိ

ပြီး သတင်းအချက်အလက်တွေ ရယူဖို့ ဆွေးနွေးခဲ့ပါသည်။

ကျေးရွာ ဦး၊ ထောက် ကော်မတီဝင်တွေရဲ့ တာဝန်ဝတ္တရားများကို သေချာ

စွာ နားလည်အောင် ရှင်းပြပေးခဲ့ပြီး တာဝန်ယူမှု ၊ တာဝန်ခံမှု၊ တာဝန်

ကျေပွန်မှု၏ အဓိပ္ပာယ်များကို ရှင်းပြ၍ ဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီ

စီမံကိန်းမှ သတ်မှတ်ထားသော ဆောင်ရန် ၊ ရှောင်ရန် ကျင့်ဝတ်များကို

ကျေးရွာတွင် ကြုံတွေ့နေရသော ဥပမာများဖြင့် ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျေးရွာ အတွက် လိုအပ်ပြီး စေတနာထား ပြုလုပ်လိုသော

စီမံကိန်းကို စိတ်ဝင်စားသော ကျေးရွာ စေတနာ့ဝန်ထမ်း ( ၂ ) ဦးကို

ကျား ( ၁ ) ဦး ၊ မ ( ၁ ) ဦး ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထုမှ ရွေးချ

တင်မြှောက်ခဲ့ပြီး စေတနာ့ဝန်ထမ်းများမှလည်း စီမံကိန်းကို စိတ်ဝင်စားသော

ကြောင့် လူမှန် ၊ နေရာမှန် ရှိခဲ့ပါသည်။

လူထုဖွံ့ဖြိုး မိုးကုန်း

## တတိယနှစ် ဆော်ဝန်း

မိုးကုန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ဘုန်းတော် အုပ်စုအမည် - တောင်ဇေး

နေရာ - ဘုန်းကြီးကျောင်း ရက်စွဲ - ၂၈.၉.၂၀၁၇

အစည်းအဝေး စတင်ချိန် - ၉း၀၀ ပြီးဆုံးချိန် - ၁၂း၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၇၈) မ (၉၀)

အစည်းအဝေး မစတင်ခင် ကျေးရွာလူထုနှင့် ပတ်သက်သော အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီးနောက် ဒုတိယအကြိမ် အစည်းအဝေး အစီအစဉ်များကို ဦးကျော်စိုးဖြိုးမှ ရှင်းပြခဲ့ပါသည်။ ထို့နောက် လူမှုအခန်းကဏ္ဍများ ဖြေလျှော့ရသည့် ရည်ရွယ်ချက် အစီအစဉ်နှင့် ပတ်သက်၍ တွေ့ကြုံခဲ့ရသော အကြောင်းအရာများကို အနည်းငယ် ပြောကြားခဲ့ပြီး အုပ်စု ခွဲ၍ ဆွေးနွေးခဲ့ပါသည်။ လူမှု / အရင်းအမြစ်မြေပုံ / ချွေတာ ပိုင်ဆိုင်မှု အဆင့် ခွဲခြားသတ်မှတ်ခြင်း / ရာသီခွင်ပြ ပြက္ခဒိန် / အဖွဲ့အစည်း ဆက်သွယ်မှု ဗင်းကားချပ် / ကျား / မ ပင့်ကူအိမ် နှင့် ကျား / မ အရင်းအမြစ် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု တို့ကို ကျေးရွာလူထု အားလုံး ပူးပေါင်း ပါဝင်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုမှ PRA တစ်ခုချင်းစီကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုကို ကျား / မ အုပ်စု များ ခွဲ၍ ကျေးရွာတွင် အမှန်တကယ် လိုအပ်သော / ရင်ဆိုင် နေရသော အခက်အခဲ များ နှင့် မျှော်မှန်းချက် များကို ထိုင်ပင် ဆွေးနွေး စေခဲ့ပြီး စာရွက်ပေါ် တွင် ချရေးခဲ့ ပါသည်။ ထို့နောက် အခက်အခဲ များ၏ အကြောင်း အရင်းကို အဖြေရှာ ရန် အတွက် သစ်ပင်ပုံနှင့် နှိုင်းယှဉ် ပြီး ပြဿနာ သစ်ပင်ရေးဆွဲရာ အကြောင်းတရား များ နှင့် အကျိုး

သက်ရောက်မှုများကိုလည်း ကျေးရွာလူထုအား နားလည်နိုင်သော ဥပမာများဖြင့် ရှင်းပြခဲ့သည်။ ထို့နောက် ကျေးရွာအတွက် ဦးစားပေး လုပ်ငန်းများ ရွေးချယ်ရာတွင် လိုချင်တာနဲ့ လိုအပ်တာကို ခွဲခြားစေသော ဥပမာများဖြင့် ဆွေးနွေးခဲ့ပြီး ကျေးရွာလူထု၏ အများသဘော အတိုင်း ဦးစားပေး လုပ်ငန်းများကို ရွေးချယ်ခဲ့ပါသည်။ ဦးစားပေး လုပ်ငန်းများ ရွေးချယ်ပြီးသောအခါ ကျေးရွာ၏ (၄) နှစ်တာ ဖွံ့ဖြိုးရေး အစီအစဉ်ကို ရေးဆွဲခဲ့သည်။

ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ ရွေးချယ်ပြီးသောအခါ ထိုလုပ်ငန်းများ လုပ်ဆောင် အကောင်အထည်ဖော်နိုင်ရန် ကျေးရွာတွင် ကော်မတီများ ဖွဲ့စည်းရန် လိုအပ်ကြောင်းကို ထပ်မံရှင်းပြခဲ့ပါသည်။ ကော်မတီများ ဖွဲ့စည်းရန် အတွက် ကျေးရွာ ဗီ၊ သောက် ကော်မတီ ဖွဲ့စည်းပုံနှင့် အုပ်စု ကော်မတီ ဖွဲ့စည်းပုံတို့ကို ပထမဦးစွာ ရှင်းပြခဲ့ပြီး ကော်မတီဝင်များ၏ တာဝန် ဝတ္တရားများကို ထပ်မံရှင်းပြခဲ့ပါသည်။ ကော်မတီများ ရွေးချယ်ရာတွင် အမျိုးသမီး အရေးများ ပါဝင်ရန်၊ လူမှု၊ နေရာမှ ရွေးချယ်တတ်ရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့ပြီး ကျေးရွာလူထု အများသဘော ဆန္ဒဖြင့် ကော်မတီဝင်များကို ရွေးချယ်ခဲ့ပါသည်။

အကြောင်းအရာများ အားလုံးကို အနှစ်ချုပ်ပြီး အစည်းအဝ အောင်မြင်စွာ ပြီးဆုံးကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ ကော်မတီဝင်များ အားလုံးကို အချက်အလက်များ ပြည့်စုံခဲ့ပြီး လက်မှတ်ရေးထိုးစေခဲ့ပါသည်။ ကျေးရွာ ဗီ၊ သောက် ကော်မတီဝင်များနှင့် မှတ်တမ်း ဓာတ်ပုံ ရိုက်ကူး ဒုတိယ ၁ နှစ် စီမံကိန်း မိတ်ဆက် အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဘုန်းတော် ကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ဆော်ရေတွင်း ၊ ရေချိုတွင်းကန် ရေစက်ရုံ ဆောက်လုပ်ရေး | ကျား+မ | ၉.၂၀၁၇ | | |
| | ၂ | ရေပိုက်လိုင်း သွယ်တန်း ရေး | ။ | ။ | | |
| | ၃ | ရွာလယ်လမ်း ကွန်ကရစ်ခင်း | ။ | ။ | | |
| | ၄ | မီးကြိုး ၊ မီးတိုင် သွယ်တန်းရေး | ။ | ။ | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | ချေးငွေများ အရေး ရရှိ | မ | ။ | | |
| | ၂ | စိုက်ပျိုး ရေး ၊ မွေးမြူရေး အတွက် | ကျား | ။ | | |
| | ၃ | နည်းပညာများ အရေး ရရှိ | | | | |
| | ၄ | ကော်မှု ၊ လက်မှု သင်တန်းများ | ကျား | ။ | | |
| | ၅ | ကော်ချုပ် သင်တန်း | မ | ။ | | |
| ကျန်းမာရေးနှင့်ပညာရေး အာဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| လူမှုရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |